**PEOPLE DEFENSE FORCE**
**DEMAWSO**

# တိုက်ပွဲသတင်းထုတ်ပြန်ချက်

စာအမှတ်( ၃၄ /၂၀၂၂)

ရက်စွဲ။ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ(၁)ရက်

၁။ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်းငွေတောင်ဆည်အနီး အင်းအားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို(DMO-PDF)ဦးဆောင်ပြီး အခြားတပ်ဖွဲ့ဝင်များဖြစ်သည့် အလယ်ပိုင်းတိုင်းအထူးစစ်ဆင်ရေးတပ်ဖွဲ့၊ လွိုင်ကော်(PDF)၊ နှင့် အခြားမဟာမိတ်ပူးပေါင်းတပ်ဖွဲ့များ ဒီဇင်ဘာလ (၃၁)ရက် နံနက် (၉း၀၀) နာရီ အချိန်မှ စတင်ကာ ပိတ်ဆို့ တိုက်ခိုက်ခဲ့ပြီး ညနေ(၆း၄၀)နာရီအချိန်ထိတိုင်အောင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

၂။ တိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်မှ လက်နက်ကြီး အလွန်အကျွံသုံးစွဲပစ်ကူ တိုက်ခိုက်ခဲ့သည့်အပြင် ဂျက်ဖိုက်တာ တိုက်လေယာဉ် (၂) စီးဖြင့် ညနေ (၃း၄၀)နာရီအချိန်မှစပြီး မိနစ် (၂၀) ကြာအောင် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အကြမ်းဖက်စစ် ကောင်စီတပ်များက တိုက်ပွဲဖြစ်ပွားမှုမရှိသော ရပ်ကွက် ကျေးရွာ နေရာတစ်ချို့ကို ည(၁၁း၄၀)နာရီအချိန်ထိ လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်ခဲ့ပါသည်။

၃။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီဘက်မှ (၃၀)ဦးခန့်သေဆုံးနိုင်ပြီး မိမိတို့ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို(DMO-PDF)ဘက်က (၅)ဦး ထိခိုက်ဒဏ်ရာရရှိကာ (၁)တစ်ဦးမှာ ပြင်းထန်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် လွိုင်ကော်(PDF) တပ်ဖွဲ့ဝင်များမှ (၈)ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အခြားမဟာမိတ်ပူးပေါင်းတပ်ဖွဲ့ဝင်များလည်း ထိခိုက်ဒဏ်ရာအချို့ရရှိခဲ့ပါသည်။

ပြန်ကြားရေးရုံး(ဗဟို)
ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို
DMO-PDF

ဆက်သွယ်ရန်ဖုန်း-09 427 223 068၊ 09 798 691 676